ဖြစ်နိုင်သမျှအားလုံး) တဿ ဥဘယဿာပိ **ပဋိဂ္ဂဟဏာ** ပဋိဝိရတော၊ နေဝ နံ ဥဂ္ဂဏှာတိ (ကိုယ်တိုင်လည်း မယူ)၊ န ဥဂ္ဂဏှာပေတိ (သူတပါးကိုလည်း ခံယူဘို့မခိုင်း)၊ န ဥပ-နိက္ခိတ္တံ သာဒယတိ (အနီး၌ချထား၍, တနေရာ၌ အပ်နှံထား၍ လှူသည်ကိုလည်း မသာယာ၊) သီလက္ခန် ဖြဟ္မ-ဇာလသုတ်။

## ဥပဇ္ဈာယ်ယူပုံနှင့်စပ်၍ မှတ်ဘွယ်

**ဥပဇ္ဈာယ်ဆရာ။** ။သရဏဂုံပေးသော ဆရာကို ပဗ္ဗဇ္ဇာစရိယ ( ရှင်ပြုပေးသော ဆရာ ) ဟု ခေါ်၏၊ သာမဏေ ဖြစ်ပြီးသောအခါ ဥပဇ္ဈာယ် ယူစေရသေး၏၊ မယူစေလျှင် "န ဘိက္ခဝေ အနုပဇ္ဈာယကော ပဗ္ဗာဇေတဗ္ဗော, ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ" ဟူသော ပညတ်တော်အရ ရှင်ပြုပေးသူမှာ ဒုက္ကဋ် အာပတ်သင့်၏၊ "ဥပဇ္ဈာယ်ဆရာ" ဟု "စိတ်ထည်း၌ မှတ်ယူထားခြင်းကို ဥပဇ္ဈာယ်ယူခြင်း" ဟု ခေါ်၏၊ ထိုသို့ ဥပဇ္ဈာယ် ယူသောအခါ "ပါသာဒိကေန သမ္ပာဒေဟိ (သမ္ပာဒေထ)" **ဟု** ဆို၍ ဥပဇ္ဈာယ်ဆရာဖြစ်ကြောင်း အသိပေးခြင်းကို "ဥပဇ္ဈာယ်ပေးခြင်း" ဟု ခေါ်၏။

လူတို့၌ မိဘသည် အရေးကြီးဆုံး ဖြစ်သကဲ့သို့ သာသနာတော်၌လည်း ဥပဇ္ဈာယ်ဆရာသည် အရေးကြီးဆုံး ဖြစ်၏၊ မိဘသည် သားသမီး၏ အပြစ်ကြီး အပြစ်ငယ်ကို အမြဲ ကြည့်ရှုဆုံးမသကဲ့သို့ ဥပဇ္ဈာယ် ဆရာလည်း တပည့်၏ အပြစ်ကြီး အပြစ်ငယ်များကို အမြဲမပြတ် ကြည့်ရှုဆုံးမရသည်၊ (ဥပ= အမြဲကပ်၍ + ဈာယ = ကြည့်ရှု ဆုံးမ တတ်သော ဆရာ )၊